# စကားနှင့်ဆိုင်ရာမှတ်သားဖွယ်ရာ

လူတိုင်း လူတိုင်း နေ့စဉ်စကားများပြောဆိုနေရပါသည်။ စကားပြောရာတွင် ဆင်ခြင်ရမည့် စကားအရာ အင်္ဂါ (၅) တန်ရှိပါသည်။ (၁) ပြောသင့်သောအချိန်၌ ပြောဆိုခြင်း (၂) အမှန်ကိုသာ ပြောဆိုခြင်း (၃) နူးညံ့ချိုသာစွာ ပြောဆိုခြင်း (၄) အကျိုးစီးပွားနှင့်စပ်သောစကားကို ပြောဆိုခြင်း၊ (၅) မေတ္တာရှေ့ထားပြောဆိုခြင်းတို့ ဖြစ်သည်။

မြတ်စွာဘုရားဟောထားသည့် စကား(၆)ခွန်း ရှိသည်။

- ဟုတ်မှန် အကျိုးရှိ သူတစ်ပါးကြိုက်နှစ်သက်သောစကား
- ဟုတ်မှန် အကျိုးရှိ သူတစ်ပါးမကြိုက်မနှစ်သက်သောစကား
- ဟုတ်မှန် အကျိုးမရှိ သူတစ်ပါးကြိုက်နှစ်သက်သောစကား
- ဟုတ်မှန် အကျိုးမရှိ သူတစ်ပါးမကြိုက်မနှစ်သက်သောစကား
- မဟုတ်မမှန် အကျိုးမရှိ သူတစ်ပါးကြိုက်နှစ်သက်သောစကား
- မဟုတ်မမှန် အကျိုးမရှိ သူတစ်ပါးမကြိုက်မနှစ်သက်သောစကား၊

ထိုခြောက်ခွန်းထဲမှ ဟုတ်မှန် အကျိုးရှိပြီး သူတစ်ပါးကြိုက်သောစကားနှင့် သူတစ်ပါးမကြိုက်သောစကားနှစ်ခွန်းကိုသာ ပြောဆိုရာ၏။

မြတ်စွာဘုရားဟောကြားသည့် ကာလာမသုတ်တွင် "ကာလာမနွယ်ဖွား အမျိုးသားတို့... ဤတရားကား အကုသိုလ်တရား၊ အပြစ်ရှိ၏။ ပညာရှိတို့ ကဲ့ရဲ့၏။ အစီးအပွားမဲ့၍ ဆင်းရဲခြင်းငှာ ဖြစ်၏။ ဤတရားကို သိရှိပြီးပယ်စွန့်ရာ၏။

ဤတရားသည် ကုသိုလ်တရား၊ အပြစ်မရှိ၊ ပညာရှိတို့ ချီးမွမ်းကုန်၏။ အစီးအပွားဖြစ်ထွန်း၍ ချမ်းသာခြင်းငှာ ဖြစ်၏။ ဤတရားကို သိရှိပြီး ကျင့်သုံးကြကုန်ရာ၏" ဟူသည်ဖြင့် မိန့်ကြားခဲ့ပါသည်။

ကေသမုတ္တိနိဂုံးရှိ ကာလာမမင်းအနွယ်ဖွားအမျိုးသားတို့သည် အယူဝါဒအမျိုးမျိုးရှိကြကုန်သည်။ အယူဝါဒမျိုးစုံကြားတွင် ဘယ်ဝါဒမှန်သည် ကောင်းသည်ဟု ဝေခွဲမရနိုင်အောင်ဖြစ်လေ၏။ မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာသောအခါ မိမိတို့၏အယူဝါဒကို လျှောက်တင်ကြရာ ဘုရားရှင်က ကာလာမသုတ်ကို ဟောကြားတော်မူခဲ့ပါသည်။

ဓမ္မာစရိယဦးရွှေအိုင်က ထိုကာလာမသုတ်နှင့်စပ်လျဉ်း၍ -

ဘာသာဝါဒ၊ မတူကြ၍၊
လောကအတွင်း၊ ငြင်းခုံခြင်းကြောင့်၊
ဆင်းရဲဒုက္ခ၊ ရောက်ကုန်ကြ၏။
ဝါဒအယူ၊ မှားခဲ့မူကား၊ ရေရှည်ဒုက္ခ၊ ကယ်မရဘူး။
လေးအပါယ်ဘုံ၊ ဘေးတွေကြုံလာပြီ၊
တစ်ဆင့်ကြားသိ၊ မိရိုးဖလာ၊
ကောလာဟလ၊ ကျမ်းစာမှုနှင့်၊
ကြံဆနည်းနှီး ဆီလျော်သုံးသပ်၊
ယူချင်းတစ်၍ ယုံအပ်သူပဲ၊
ဆရာ့စွဲခြင်း၊ လွဲပုံစိတ်ချ၊ မယူကြလင့်။
ဒိဋ္ဌကျင့်ကြံ၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊
မှားမှန်ကောင်းဆိုး၊ သိအောင်ကြိုးယာ၊
ရိုးကာလာမ၊ ဟောညွှန်ပြ၏။

ဟူ၍ လင်္ကာစပ်ဆိုခဲ့ပါသည်။ လောကရှိလူသားအားလုံးတို့သည် အကျိုးရှိသည့်စကား၊ ကုသိုလ်ဖြစ်မည့်စကားများ ပြောဆိုကြပြီး အကျိုးမရှိ အကုသိုလ်ဖြစ်မည့်စကားများကို ရှောင်ရှားကြစေလိုကြောင်း တိုက်တွန်းအရေးသားလိုက်ပါသည်။